ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် (၂၅ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်

## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေ၊အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ အကြောင်း သိကောင်းစရာ ၂ - ၄

၂။ AI နည်းပညာသုံး၍ အမျိုးသမီးများ၏ ကိုယ်ရေးအချက်အလက်ပါ ညစ်ညမ်းပုံစတာများပြုလုပ်ခဲ့သည့် အမျိုးသားတစ်ဦး တရားစွဲဆိုခံရ ၅ - ၆

၃။ British Steel ကို နိုင်ငံပိုင်သိမ်းယူမှုအတွက် တရုတ်နိုင်ငံ၏ Jingye Group က ဖြိုတိန်အစိုးရထံ လျော်ကြေးတောင်းဆိုပြီး Investment Arbitration ဆောင်ရွက်ရန် သတိပေး ၇ - ၈

၄။ UAE က ကမ္ဘာ့ပထမဆုံး AI အခြေပြုတရားစီရင်ရေးပလက်ဖောင်းကို စတင်မိတ်ဆက် ၉ -၁၁

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၅ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးလျက်ရှိသည့် ပြည်ထောင်စုဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအနက် အထက်တန်းရှေ့နေတို့၏ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာနည်းဥပဒေများ နှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရှေ့နေများအက်ဥပဒေပုဒ်မ ၂၇ နှင့်အညီ ၂-၆-၂၀၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၄၁၆/၂၀၂၆ ဖြင့် အထက်တန်းရှေ့နေတို့၏ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာနည်းဥပဒေများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါနည်းဥပဒေများအား လေ့လာရာ အခန်း(၃)ခန်း ပါဝင်ပြီး အခန်း(၁)တွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ၊ အခန်း(၂)တွင် ရှေ့နေခနှုန်းထားများနှင့် အခန်း(၃)တွင် အထွေထွေတို့အား ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

အခန်း(၁)အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ၌ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် ရှေ့နေများအက်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်ဟု နည်းဥပဒေ ၂ တွင် ဖော်ပြပါရှိပြီး ၂(က)တွင် အထက်တန်းရှေ့နေ ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရှေ့နေများမှတ်ပုံတင်စာရင်းစာအုပ်တွင် အမည်စာရင်းတင်သွင်း၍ အမှုလိုက်ပါဆောင်ရွက်ခွင့် သက်တမ်းရှိသော သက်သေခံလက်မှတ် ကိုင်ဆောင်ထားသည့် အထက်တန်းရှေ့နေကို ဆိုသည်ဟုလည်းကောင်း၊ ၂(ခ)တွင် တရားရုံး၊ ၂(ဂ)တွင် တရားမမှု၊ ၂(ဃ)တွင် တရားမမူလမှု၊ ၂(င)တွင် တရားမအယူခံမှု၊ ၂(စ)တွင် တရားမပြင်ဆင်မှု၊ ၂(ဆ)တွင် တရားမလွှဲအပ်မှု၊ ၂(ဇ)တွင် တရားမအထွေထွေလျှောက်လွှာ၊ ၂(ဈ)တွင် ဇာရီမှု၊ ၂(ည)တွင် ကြားဖြတ်လျှောက်လွှာ၊ ၂(ဋ)တွင် မခုခံ

သောအမှုနှင့် ၂(ဌ)တွင် ရှေ့နေခ စသည်ဖြင့် အဓိပ္ပာယ်ဖော်ပြချက်များ စုစုပေါင်း ၁၂ ခုအား ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

အခန်း(၂) ရှေ့နေခနှုန်းထားများတွင် တရားရုံးများက တရားမမူလမှုများတွင် သတ်မှတ်ပေးရမည့် ရှေ့နေခနှုန်းထားများကို တိတိကျကျ သတ်မှတ်ဖော်ပြထားကြောင်း တွေ့ရှိရပြီး နည်းဥပဒေ ၃(ခ)တွင် မည်သည့်တရားမမူလမှုတွင်မှ ဤနည်းဥပဒေအရ တွက်ချက်၍ရရှိသော ရှေ့နေခသည် ကျပ်၂ သိန်းထက် မပိုစေရဟု ဖော်ပြထားရာ တရားမမူလမှုများတွင် ဤနည်းဥပဒေအရ အများဆုံး သတ်မှတ်ပေးရမည့် ရှေ့နေခနှုန်းထားမှာ ကျပ် ၂ သိန်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နည်းဥပဒေ ၃(ဃ)၌ ဤနည်းဥပဒေအလို့ငှာ အချင်းဖြစ်ငွေပမာဏ သို့မဟုတ် တန်ဖိုးကို ရုံးခွန်များအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တွက်ချက်ရမည်ဖြစ်ကြောင်း၊ ရုံးခွန်များအက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (၅)၊ (၆)၊ (၉) နှင့် (၁၀) (ဃ)တို့တွင် အကျုံးဝင်သော အမှုများတွင်မူ အချင်းဖြစ်ပစ္စည်း၏တန်ဖိုးဖြင့် တွက်ချက်ရမည်ဖြစ်ကြောင်း၊ နည်းဥပဒေ ၅ ၌ တရားမ အထွေထွေလျှောက်လွှာနှင့် ဇာရီမှုတွင် ရှေ့နေခကို တရားရုံးက မိမိသဘောအတိုင်း သတ်မှတ်ပေးနိုင်ကြောင်း၊ မည်သည့်ငွေပမာဏထက် မပိုစေရကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် ကြားဖြတ်လျှောက်လွှာများအတွက် ရှေ့နေခများသတ်မှတ်ခြင်းကို နည်းဥပဒေ ၆ တွင် လည်းကောင်း ၊ တရားမအယူခံမှု၊ တရားမပြင်ဆင်မှု၊ တရားမလွှဲအပ်မှုတို့အတွက် ကျပ် ၃ သောင်းထက် မပိုသော ရှေ့နေခကို တရားရုံးများက မိမိသဘောအတိုင်း သတ်မှတ်ပေးနိုင်ကြောင်းကို နည်းဥပဒေ ၇ တွင် လည်းကောင်း ဖော်ပြပါရှိပြီး အခန်း (၃) အထွေထွေအခန်းတွင် ရန်ကုန်မြို့၊ တရားလွှတ်တော်၏ ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁ (အများဆိုင်ရာ)ဖြင့် ထုတ်ပြန်ထားသော နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်ဟု ဖော်ပြပါရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်တန်းရှေ့နေတို့၏ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ အသေးစိတ် လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## AI နည်းပညာသုံး၍ အမျိုးသမီးများ၏ ကိုယ်ရေးအချက်အလက်ပါ ညစ်ညမ်းပိုစတာများ ပြုလုပ်ခဲ့သည့် အမျိုးသားတစ်ဦး တရားစွဲဆိုခံရ

ဩစတေးလျနိုင်ငံ၊ ကွင်းစလန်း (Queensland)ပြည်နယ်၊ ဘရစ်စဘန်(Brisbane)မြို့တွင် ၂၀၂၁ ခုနှစ်မှစ၍ အမျိုးသမီးများ၏ ရုပ်ပုံများကို အသုံးပြုထားသည့် လိင်ပိုင်းဆိုင်ရာ ကြော်ငြာပိုစတာများ ပျံ့နှံ့ခဲ့သဖြင့် ကွင်းစလန်း(Queensland) ပြည်နယ်ရဲတပ်ဖွဲ့က စုံစမ်းထောက်လှမ်းခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြစ်မှုကျူးလွန်သူ အမျိုးသားကို ဘရစ်စဘိန်းမြို့အနီးရှိ ခလိဗ်လန်း (Cleveland)မြို့ (သို့မဟုတ်) Ipswich ဒေသတွင် ဖမ်းဆီးရမိခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူသည် အသက် ၅၂ နှစ်အရွယ်ရှိ John Speer ဆိုသူဖြစ်ပြီး ၎င်းသည် အမျိုးသမီးများ၏ မျက်နှာရုပ်ပုံများကို လိင်ပိုင်းဆိုင်ရာအပြုအမူများ ပြုလုပ်နေသောပုံစံရှိသည့် အမျိုးသမီးခန္ဓာကိုယ်ရုပ်ပုံများတွင် AI နည်းပညာဖြင့်ပေါင်းစပ်ကာ ပိုစတာများပြုလုပ်၍ ဖြန့်ချိခဲ့ခြင်းဖြစ်ပါသည်။မျက်နှာရုပ်ပုံများ အသုံးပြုခြင်းခံရသည့် အမျိုးသမီးများ၏ အမည်အပြည့်အစုံ၊ လူမှုကွန်ရက်အကောင့်အမည်များ၊ အလုပ်အကိုင်အချက်အလက်များကိုပါ ဖော်ပြပြီး လိင်ပိုင်းဆိုင်ရာဖျော်ဖြေရေးလုပ်ကိုင်နေသူများဖြစ်ကြောင်းနှင့် လိင်ပိုင်းဆိုင်ရာဖျော်ဖြေမှုများအတွက် ဆက်သွယ်၍ ရကြောင်းတို့ကို အများပြည်သူသုံးအိမ်သာများတွင် ကပ်၍ ဖြန့်ချိခဲ့ခြင်း ဖြစ်ပါသည်။

Ipswich ရဲတပ်ဖွဲ့မှ ခေတ္တစုံစမ်းစစ်ဆေးရေးအရာရှိ Tim Martin ၏ပြောပြချက်အရ ရဲအရာရှိများက John Speer၏နေအိမ်သို့ ဝရမ်းဖြင့် သွားရောက်ရှာဖွေဖမ်းဆီးရာ အီလက်ထရောနစ်ပစ္စည်းများ၊ ပရင့်တာများ၊ ကြိုတင်ရိုက်နှိပ်ပြုလုပ်ထားသည့် လိင်ပိုင်းဆိုင်ရာ ကြော်ငြာပိုစတာများ၊ လျှပ်စစ်ထိန်းချုပ်လက်နက်များ၊ သေနတ်များနှင့် ကျည်ဆန်များကို ရှာဖွေသိမ်းဆည်းရမိခဲ့ပါသည်။ထို့ကြောင့် John Speer ကို ကိုယ်ရေးကိုယ်တာအတွင်းရေးရုပ်ပုံများ ဖြန့်ဝေမှု ၂၇ မှု၊ နောက်ယောင်ခံစောင့်ကြည့် နှောင့်ယှက်မှု(stalking) ၆ မှုနှင့် လက်နက်မှု ၄ မှု အပါအဝင် ပြစ်မှုပေါင်း ၄၃ မှုဖြင့်

တရားစွဲဆိုထားပြီး ချုပ်ရိမန်ရယူထားကြောင်း၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဘရစ်စဘန်(Brisbane) တရားရုံးတွင် ရုံးထုတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် အရာရှိ Tim Martin က ၎င်းတို့၏ စုံစမ်းစစ်ဆေးချက်အရ ယခုအချိန်ထိ နစ်နာသူ အမျိုးသမီး ၈ ဦးရှိပြီး အသက် ၄၀ နှစ်နှင့် ၆၀ နှစ်ကြားရှိ အမျိုးသမီးများဖြစ်ကာ ပြည်နယ်အသီးသီးမှ အမျိုးသမီးများဖြစ်ကြောင်း၊ သို့သော် ထိုအမျိုးသမီးများသည် John Speer နှင့် မည်သို့ချိတ်ဆက်မှုများရှိသည်ကို ရှင်းလင်းမှု မရှိသေးကြောင်း၊ John Speer ၏ ပြုလုပ်မှုသည် အမျိုးသမီးများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး အရှက်ရစေသည့် ဆောင်ရွက်မှုများဖြစ်ကြောင်း၊ AI နည်းပညာသည် ဆန်းသစ်ပေါ်ပေါက်လာသည့် နည်းပညာအသစ်တစ်ရပ်ဖြစ်သော်လည်း အဆိုပါနည်းပညာကို အသုံးပြု၍ ထိခိုက်နစ်နာစေသည့် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသည့် အကြောင်းအရာများကို ဖန်တီးဖြန့်ဝေခြင်းသည် ရဲတပ်ဖွဲ့၏ အရေးယူဆောင်ရွက်နိုင်မှုနယ်ပယ်ကို ကျော်လွန်နိုင်ခြင်း မရှိကြောင်း ပြောကြားခဲ့ပါသည်။

တရားမစွဲမီဥပဒေအကြံပေးရေးနှင့် တင်ပြချက်များ
စိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.brisbanetimes.com.au/national/queensland/explicit-ai-posters-of-women-listing-their-jobs-and-contact-details-lead-to-arrest-20260724-p60i4v.html

https://www.abc.net.au/news/2026-07-24/queensland-arrest-ai-posters-of-women/106952570

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၅ )　　၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်

## British Steel ကို နိုင်ငံပိုင်သိမ်းယူမှုအတွက် တရုတ်နိုင်ငံ၏ Jingye Group က ဗြိတိန်အစိုးရထံ လျော်ကြေးတောင်းဆိုပြီး Investment Arbitration ဆောင်ရွက်ရန် သတိပေး

Reuters News ( 20 July 2026)

တရုတ်နိုင်ငံ၏ Jingye Group သည် ၂၀၂၀ ခုနှစ်တွင် British Steel ကို ဝယ်ယူခဲ့ပြီး ဗြိတိန်နိုင်ငံ၏ အဓိကသံမဏိစက်ရုံများကို လည်ပတ်ခဲ့ပါသည်။သို့သော် ၂၀၂၆ ခုနှစ်တွင် ဗြိတိန်အစိုးရက British Steelကို နိုင်ငံပိုင်(Nationalization)အဖြစ် သိမ်းယူခဲ့ပြီး Jingye Group က ၎င်းရရှိမည့် လျော်ကြေးမှာ “သုညနီးပါး” ဖြစ်ကြောင်းပြောဆိုကာ ထိုလုပ်ရပ်သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဥပဒေကို ချိုးဖောက်ကြောင်း စွပ်စွဲခဲ့ပါသည်။Jingye Group သည် ဗြိတိန်နိုင်ငံနှင့် တရုတ်နိုင်ငံအကြားရှိ Bilateral Investment Treaty(BIT)အောက်တွင် တရားဝင်ဆွေးနွေးမှုများ(consultations) စတင်ထားပြီး မအောင်မြင်ပါက နိုင်ငံတကာ Investment Arbitration ဖြင့် ဖြေရှင်းရန်စီစဉ်လျက်ရှိပါသည်။ အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူအကြား အငြင်းပွားမှုကို တရားရုံးများထက် နိုင်ငံတကာ Arbitration ဖြင့် ဖြေရှင်းခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အရေးကြီးသော အာမခံချက်တစ်ရပ်ဖြစ်သည့်အတွက် Jingye Group သည် တရုတ်နှင့်ဗြိတိန်နိုင်ငံအကြား Bilateral Investment Treaty ကို အခြေခံ၍ အခွင့်အရေးတောင်းဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဗြိတိန်အစိုးရက British Steel ကို နိုင်ငံပိုင်သိမ်းယူရခြင်းမှာ နိုင်ငံ၏ သံမဏိထုတ်လုပ်မှုကို ဆက်လက်ထိန်းသိမ်းရန်၊ အလုပ်အကိုင်ထောင်ပေါင်းများစွာကို ကာကွယ်ရန်၊ အမျိုးသားလုံခြုံရေးနှင့် စက်မှုမူဝါဒအတွက် မဖြစ်မနေ လိုအပ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းထားသည်။

Jingye Group က မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုကြောင့် British Steel သည် ယခင်က ဒေဝါလီခံရမည့်အခြေအနေမှ လွတ်မြောက်ခဲ့သည်။ ဗြိတိန်အစိုးရ၏ Nationalization သည် မျှတသောလျော်ကြေး(Compensation)မပေးဘဲ ပိုင်ဆိုင်မှုကို သိမ်းယူသကဲ့သို့ ဖြစ်နေသည့်အတွက် ထိုလုပ်ရပ်

သည် အနာဂတ်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ထိခိုက်စေနိုင်သည်ဟု ဖော်ပြထားသည်။

နိုင်ငံတစ်နိုင်ငံသည် ပြည်သူ့အကျိုးစီးပွား(Public Purpose)အတွက် ပိုင်ဆိုင်မှုကို သိမ်းယူနိုင်သည်။သို့သော် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဥပဒေအရ Public Purpose (ပြည်သူ့အကျိုးစီးပွား)၊ Non-discrimination (ခွဲခြားမှုမရှိခြင်း)၊ Due Process (ဥပဒေလုပ်ထုံးလုပ်နည်းကို လိုက်နာခြင်း)၊ Prompt, Adequate and Effective Compensation (သင့်လျော်ပြီး ထိရောက်သော လျော်ကြေးပေးခြင်း)စသည့် အခြေခံစည်းမျဉ်းများကို လိုက်နာရပါသည်။ ဤအချက်များကို မလိုက်နာပါက Unlawful Expropriation ဖြစ်နိုင်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.reuters.com/world/china/chinas-jingye-steel-urges-uk-compensate-its-investment-losses-2026-07-19/

https://apnews.com/article/china-uk-british-steel-nationalized-4403c8df143be871825b7d20302385e0

https://www.dw.com/en/china-firm-seeks-damages-over-state-control-of-british-steel/a-78024119

Rudolf Dolzer, Principle of International Investment Law, 3rd edition(Oxford University Press), 2022, Chapter-7, pp-1462,186

## UAE က ကမ္ဘာ့ပထမဆုံး AI အခြေပြုတရားစီရင်ရေးပလက်ဖောင်းကို စတင်မိတ်ဆက်

အာရပ်စော်ဘွားများပြည်ထောင်စု (United Arab Emirates – UAE)သည် တရားစီရင်ရေးကဏ္ဍ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လကုန်ကာလ၌ AI အခြေပြုတရားစီရင်ရေးပလက်ဖောင်း (Integrated AI-powered Judicial Platform)ကို စတင်မိတ်ဆက်ခဲ့ကြောင်း တွေ့ရှိရသည်။ UAE နိုင်ငံ၏ သတင်းထုတ်ပြန်ချက်အရ ယင်းပလက်ဖောင်းသည် ကမ္ဘာ့ပထမဆုံး AI စွမ်းဆောင်ရည်များကို တရားစီရင်ရေးစနစ်တစ်ခုအတွင်း အပြည့်အဝပေါင်းစည်းထားသည့် ပလက်ဖောင်းဖြစ်ကြောင်း သိရသည်။

UAE ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတရုံးဥက္ကဋ္ဌ Sheikh Mansour bin Zayed Al Nahyan က အဆိုပါအစီအစဉ်ကို “ကမ္ဘာလုံးဆိုင်ရာ အောင်မြင်မှုအသစ်တစ်ရပ်”ဟု ဖော်ပြခဲ့ပြီး အစိုးရအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများတွင် UAE ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

AI ပလက်ဖောင်းသည် အမှုတွဲများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သက်ဆိုင်ရာဥပဒေများနှင့် တရားရုံး၏စီရင်ထုံးများကို ရှာဖွေထောက်ပံ့ပေးခြင်း၊ ဥပဒေရေးရာအကြံပြုချက်များ ထုတ်ပေးခြင်းနှင့် တရားရေးဆိုင်ရာမှုများကို ပြုစုရေးဆွဲရာတွင် အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် တရားရုံးစစ်ဆေးဆုံးဖြတ်မှုလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စေရန်၊ အုပ်ချုပ်ရေးကုန်ကျစရိတ်များကို လျှော့ချရန်နှင့် ဥပဒေအသုံးချမှုတွင် တစ်ပြေးညီဖြစ်စေရန်လည်း ရည်ရွယ်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

UAE တာဝန်ရှိသူများက AI စနစ်သည် တရားသူကြီးများ၏ ဆုံးဖြတ်ချက်ချမှတ်မှုကို အထောက်အကူပြုရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး တရားသူကြီးများကို အစားထိုးမည် မဟုတ်ကြောင်း အလေးပေးပြောကြားထားသည်။ထို့ကြောင့် တရားရုံး၏စီရင်ချက်နှင့် အမိန့်အားလုံးကို တရားသူကြီးများ၏ သုံးသပ်ဆင်ခြင်မှုနှင့် ကြီးကြပ်မှုအောက်တွင်သာ ချမှတ်မည်ဖြစ်သည်။

ယင်းစီမံကိန်းသည် UAE နိုင်ငံ၏ တရားစီရင်ရေးကဏ္ဍ၌ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေး မဟာဗျူဟာ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး တရားရုံးကြားနာစစ်ဆေးခြင်း(Court Hearings)၊တရားစွဲဆိုရေးဝန်ဆောင်မှုများ (Litigation Services)များတွင် AI အထောက်အကူပြု ဥပဒေဝန်ဆောင်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ Abu Dhabi Judicial Department (ADJD)၏ အစီအစဉ်အရ ပလက်ဖောင်း၏ ပထမအဆင့်ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလတွင် စတင်မည်ဖြစ်ပြီး၊ စနစ်တစ်ခုလုံးကို ၁၈ လခန့်အတွင်း အဆင့်လိုက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

AI နည်းပညာသည် တရားစီရင်ရေးလုပ်ငန်းများ၏ ထိရောက်မှုနှင့် မြန်ဆန်မှုကို မြှင့်တင်ပေးနိုင်မည့် အလားအလာရှိကြောင်း ဥပဒေပညာရှင်များက သုံးသပ်ကြသော်လည်း ကိုယ်ရေးအချက်အလက်လုံခြုံရေး (Data Protection)၊ လုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင်သာမှု (Transparency)၊ AI အယ်လ်ဂိုရီသမ်၏ ဘက်လိုက်မှု(Algorithmic Bias)ကို ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် တရားစီရင်ရေး၏လွတ်လပ်မှု (Judicial Independence)ကို အာမခံနိုင်မည့် စည်းမျဉ်းစည်းကမ်းများနှင့် အကာအကွယ်အစီအမံများထားရှိရန် လိုအပ်ကြောင်း ထောက်ပြထားသည်။

Algorithmic Bias ဆိုသည်မှာ AI စနစ်တစ်ခုက လူအုပ်စုတစ်စု၊ လိင်၊ လူမျိုး၊ အသက်၊ ဘာသာစကားတစ်ခုအပေါ် မျှတမှုမရှိဘဲ ဘက်လိုက်သော သို့မဟုတ် မမှန်ကန်သော ရလဒ်များ ထုတ်ပေးခြင်းကို ဆိုလိုခြင်းဖြစ်သည်။တရားစီရင်ရေးဆိုင်ရာအမှုတွဲ ၁၀,၀၀၀ ကို AI အား လေ့ကျင့်ပေးပြီး အာမခံပေးသင့်/မပေးသင့်ကို အကြံပြုနိုင်းရာ၌ Training Data မှာ ယခင်က လူငယ်များကို အာမခံမပေးခဲ့သော အမှုများ ပိုမိုများနေပါက AI သည် “လူငယ်ဖြစ်ရင် အာမခံပေးပါက အန္တရာယ်ပိုများသည်ဟု မှားယွင်းသင်ယူနိုင်ပြီး လူငယ်များကို အလိုအလျောက် အာမခံမပေးရန် အကြံပြုလာနိုင်သည်။ထိုကဲ့သို့ AI ၏ မမျှတသော အကြံပြုချက်ကို Algorithmic Bias ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ထို့ကြောင့် AI သည် တရားသူကြီးများ၏ ဆုံးဖြတ်ချက်ချမှတ်မှုကို အထောက်အကူပြုသည့် နည်းပညာအဖြစ်သာ ရပ်တည်သင့်ပြီး တရားစီရင်ပိုင်ခွင့်ကို အစားထိုးသည့် နည်းလမ်းအဖြစ် မဖြစ်သင့်ကြောင်းလည်း အလေးပေးဖော်ပြမှုများရှိထားသည်။

UAE ၏ ယခုအစီအစဉ်သည် တရားစီရင်ရေးကဏ္ဍတွင် AI နည်းပညာကို အသုံးချမှုအတွက် နိုင်ငံတကာ၏ အာရုံစိုက်မှုကိုရရှိလျက်ရှိပြီး အနာဂတ်တွင် A Iနှင့် တရားသူကြီးတို့ ပူးပေါင်းဆောင်ရွက်သည့် တရားစီရင်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် ဦးတည်ချက်တစ်ရပ်အဖြစ်လည်း ရှုမြင်လျက်ရှိသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

Abu Dhabi Judicial Department (ADJD). (2026). Launch of the World’s First Integrated AI-powered Judicial Platform. (Official Announcement).

Gulf News. (28 July 2026). UAE launches world’s first fully integrated AI-powered judicial platform.

www.irishlegal.com (31 July 2026)

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

